# ကိုဗစ်-၁၉

## လစဉ်နောက်ဆုံးရသတင်းအချက်အလက်များ

မြန်မာနိုင်ငံကြက်ခြေနီအသင်း I ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့

**အသင်း၏ မြန်မာနိုင်ငံအတွင်း အသက်ကူညီကယ်ဆယ်ရေး အမြင့်ဆုံးလှုပ်ရှားမှုများ**



"အခြားပြည်နယ်တိုင်းများမှ စေလွှတ်ခြင်း "Deployment" ဆိုသည်မှာ အသင်းအတွက် အကူအညီလိုအပ်သူများကို ကူညီခြင်းဖြစ်သည်။"

**Everywhere for everyone.**

## မာတိကာ


စာမျက်နှာ - ၁
ကိုဗစ်-၁၉ လက်ရှိအခြေအနေနှင့် အသင်း၏ တုံ့ပြန်ဆောင်ရွက်ချက်များ


စာမျက်နှာ - ၂
ရန်ကုန်ကွာရင်တင်းစင်တာတွင်အခြားပြည်နယ်တိုင်းများမှ ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ တစ်နေ့တာ

စာမျက်နှာ - ၃
ကျွန်ုပ်တို့၏ ကိုဗစ်-၁၉ ဦးစားပေးလုပ်ငန်းစဉ်များနှင့် IFRC ၏ ပြန်လည်စီစစ်ထားသော အရေးပေါ်ထောက်ပံ့ငွေ အခြေအနေများ

စာမျက်နှာ - ၄
သဘာဝဘေးအန္တရာယ်လျော့ချရေး၊ အားလုံးအကျုံးဝင်ပါဝင်ရေးနှင့် ရွေးကောက်ပွဲနေ့ လှုပ်ရှားမှုများ

## ရန်ကုန်တွင် ပြီးခဲ့သည့် ၄ - လအတွင်း ကိုဗစ်-၁၉ မြင့်တက်မှု အခြေအနေ




**ရန်ကုန်သို့ ကြက်ခြေနီစေတနာလုပ်အားရှင်များစေလွှတ်ခြင်း-** အသင်းသည် ပြည်နယ်တိုင်းဒေသကြီးများမှ ကြက်ခြေနီစေတနာလုပ်အားရှင်များကို ရန်ကုန်မြို့ရှိ စောင့်ကြပ်ကြည့်ရှုရေးစင်တာ (ကွာရင်တင်းစင်တာ) များသို့ စေလွှတ်လျက်ရှိပြီး အသိပညာဖြန့်ဝေခြင်း၊ စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာအားပေးကူညီခြင်း၊ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ အစားအစာ၊ ရေနှင့်ငွေကြေးစသည့် အခြေခံစားသောက်ကုန်များ ဖြန့်ဝေခြင်းစသည့် အဓိကဦးစားပေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။

# ရန်ကုန်ကွာရင်တင်းစင်တာတွင်အခြားပြည်နယ်တိုင်းများ မှ ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ တစ်နေ့တာ



မိသားစုဝင်များမှ ပစ္စည်းများလက်ခံခြင်းနှင့် စစ်ဆေးခြင်း

"ကွာရင်တင်းစင်တာကို နေ့တိုင်း လူနာသစ်တွေ အများကြီးရောက်လာနေတာကို မြင်နေရတာ ကျွန်မအတွက် အရမ်းဝမ်းနည်းရပါတယ်။ အများပြည်သူကိုပြောကြားချင်တာကတော့ကိုယ်ချစ်ခင်ရတဲ့သူတွေကို ကျေးဇူးပြုပြီး အပြင်မထွက်ဖို့နဲ့ ဂရုစိုက်ကြဖို့ ပြောချင်ပါတယ်။ စင်တာသို့ရောက်လာတဲ့ လူနာများရဲ့မိသားစုဝင်များ ပေးပို့လာတဲ့ အစားအသောက်များ၊ အဝတ်များနှင့် အသုံးအဆောင်ပစ္စည်းတွေကို ကြက်ခြေနီက နေ့စဉ်ကူညီပေးပို့ပေးနေပါတယ်။"



လက်ခံထားသည့် ပစ္စည်းများပေးဝေရန်ပြင်ဆင်ခြင်း

"ကျွန်မတို့ မွန်ပြည်နယ်ကကြက်ခြေနီစေတနာလုပ်အားရှင်(၄၁)ဦး ရန်ကုန်မှာ အားဖြည့်ဆောင်ရွက်နေတာ တစ်လပြည့်ပါတော့မယ်။ အားလုံးသိတဲ့အတိုင်း ရန်ကုန်မှာ စိုးရိမ်ရတဲ့ အခြေအနေ ဖြစ်တဲ့အတွက် အားဖြည့်ကူညီဖို့ ဆုံးဖြတ်ပြီး ရောက်ရှိလာတာပါ။ စည်းလုံးညီညွတ်ခြင်းသည် ကြက်ခြေနီအခြေခံမူထဲက အရေးကြီးတဲ့ အချက်တစ်ချက် ဖြစ်တဲ့အတွက် ကျွန်မတို့နည်းတူ အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်ကူညီခြင်းက သက်သေပြနေပါတယ်။



လူနာစာရင်းပြုစုခြင်းနှင့် နေ့စဉ်လုပ်ငန်းစဉ်များ မှတ်တမ်းတင်ခြင်း


"ကိုဗစ်-၁၉ က ကျွန်မ ကြုံဖူးတဲ့ ပုံမှန်သဘာဝဘေးအန္တရာယ်များထက်ပိုဆိုးရွားပါတယ်။ ဒီရောဂါက  မမြင်ရတဲ့ရန်သူပါ။ ကျွန်မ မွန်ပြည်နယ်ပြန်ရောက်ရင် ရန်ကုန်ကွာရင်တင်းစင်တာမှာ ရရှိခဲ့တဲ့ အတွေ့အကြုံတွေကို ပြန်လည်မျှဝေမှာပါ။ ဒါကလည်း လူထုကို ပိုမို ကူညီနိုင်ရန်အတွက် အရမ်းကောင်းတဲ့ အတွေ့အကြုံကို လေ့လာခွင့်ရရှိတာဖြစ်ပါတယ်။"

ဒေါ်လေးလေးခက်၊ ကြက်ခြေနီစေတနာလုပ်အားရှင်၊ မွန်ပြည်နယ်။



အဆောက်အဦးများကို ပိုးသတ်ဆေးဖြန်းခြင်း (အထူးသဖြင့် လူနာသစ်များရောက်ရှိပြီးချိန်)

"ကိုဗစ်-၁၉ ရောဂါဟာ အလွန်ကူးစက်မြန်ပါတယ်။ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များကို ဂရုတစိုက်အလေးထား လိုက်နာရန် လိုပါတယ်။ အပြင်သွားတိုင်း နှာခေါင်းစည်း ဝတ်ဆင်ပါ။ အကယ်၍ ရောဂါကူးစက်ခံရပါက စိုးရိမ်ထိတ်လန့်မနေပဲ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်များအတိုင်း နေထိုင်ပြီး သက်ဆိုင်ရာ ကိုဗစ်-၁၉ တုံ့ပြန်ရေးကော်မတီသို့ အကြောင်းကြားရန်လိုအပ်ပါတယ်။ ဆရာဝန်/ဆရာမများက ကူညီပေးပါလိမ့်မယ်။"



လူနာများအတွက် ဆေး၊ အစားအစာနှင့် ပစ္စည်းများ ပေးဝေရန်အတွက် PPE ဝတ်ဆင်ခြင်း

"မွန်ပြည်နယ်မှ မထွက်ခွာမီ ကျွန်တော်ကို ရောဂါကူးစက်ခံရနိုင်သည့်အတွက် ပြန်မလာရန် လူအချို့ကပြောကြတယ်။ ကျွန်တော်က တစ်ကိုယ်ရည် ရောဂါကာကွယ်ရေးသုံးပစ္စည်း အပြည့်အစုံ *(PPE)* ဝတ်ပြီး လုပ်ဆောင်တာ ဖြစ်ပြီး မလုပ်ဆောင်မီမှာ သင်တန်းတက်ရအုန်းမယ်၊ ပြန်လာရင်လည်း ကွာရင်တင်းထားအုန်းမှာလို့ ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။ ကျွန်တော့်မိသားစုကတော့ ကျွန်တော့်ကို ထောက်ခံအားပေးပြီး ကျန်းမာရေး ဂရုစိုက်ရန်နှင့် ဘေးကင်းစွာ ဆောင်ရွက်ဖို့ မှာလိုက်ပါတယ်"



လူနာများကို ပစ္စည်းများပေးပို့ခြင်းနှင့် အမှိုက်သိမ်းခြင်း

"ဒီမှာကူညီ လုပ်ကိုင်နေတဲ့ ကြက်ခြေနီစေတနာလုပ်အားရှင်တွေက စည်းလုံးကြတယ်။ လူနာတွေ နေတဲ့အဆောက်အဦတွေကို မသွားမီ PPE ကို တစ်ယောက်နဲ့တစ်ယောက် ဂရုစိုက်တစိုက် စနစ်တကျဝတ်ဆင်ပေးကြတယ်။ တာဝန်ချိန်ပြင်ပမှာ တစ်ယောက်နဲ့ တစ်ယောက် စကားပြောကြပြီးအတူတူရယ်ကြတယ်။ ကျွန်တော် အခုလို အရမ်းကောင်းတဲ့ သူငယ်ချင်းတွေနဲ့ အလုပ်အတူတူလုပ်ကိုင်ရတာ အရမ်းပျော်ရွှင်ပါတယ်။"

ဦးထွန်းလင်းအောင်၊ ကြက်ခြေနီစေတနာလုပ်အားရှင်၊ မွန်ပြည်နယ်။

# ကိုဗစ်-၁၉ - ကျွန်ုပ်တို့၏အဓိက ဦး စားပေးလုပ်ငန်းစဉ် (၃) ရပ်မှာ တိုးတက်မှုနှင့်ကွာဟချက်များ

## ကျန်းမာရေး၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး။



မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုသည် မကြာသေးမီကာလများအတွင်း လျှင်မြန်စွာ တိုးတက်လာသဖြင့် ရပ်ရွာများ၌အသိပညာမြှင့်တင်ခြင်းနှင့်လက်ဆေးခြင်းလှုပ်ရှားမှုများ တိုးမြှင့်လုပ်ဆောင်နေပါသည်။ ဗွီဒီယို - ရခိုင်ပြည်နယ်။



လူထုမှ မည်သို့ကာကွယ်ရမည်ကို ၎င်းတို့ကိုယ်တိုင်လေ့လာသင်ယူနိုင်မည့် အကောင်းဆုံးနည်းလမ်းများကို ကျွန်ုပ်တို့ သိရှိနားလည်ထားပါသည်။ လက်ကို စနစ်တကျ ဆေးကြောခြင်းသည် အရေးကြီးပါသည်။ ဗီဒီယို - ဧရာဝတီတိုင်း။

### ကွာဟချက်များ

- လူထုအတွက် ဆပ်ပြာနှင့် လက်ဆေး ဘေစင်များလိုအပ်ခြင်း။
- နှာခေါင်းစည်းနှင့် တစ်ဦးနှင့်တစ်ဦးအကွာအဝေးခြားနားစွာနေခြင်းကဲ့သို့သောအခြားရောဂါ ကာကွယ်ရေးအစီအမံများကိုသေချာစွာမလိုက် နာခြင်း။
- ရောဂါ ကူးစက်မှုများနေသည့် နေရာများတွင် ကူညီနိုင်ရန်အတွက် အခက်အခဲရှိခြင်း။

## လူမှုစီးပွားရေးသက်ရောက်မှုကို ဖြေရှင်းခြင်း။



ကျွန်ုပ်တို့သည် ပုံမှန်ကာလမဟုတ်ပဲ ကန့်သက်ချက်များထားရှိသည့်အချိန်များတွင် မိသားစုဝင်များ ကျန်မားရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မရှိမဖြစ်လိုအပ်သော အစားအစာနှင့် ရေရရှိရန်အတွက် ကူညီပေးနေပါသည်။
ဓာတ်ပုံ - ကရင်ပြည်နယ်



ကိုဗစ်-၁၉ ကြောင့် ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံသား အကျဉ်းသားအချို့ နိုင်ငံသို့ ပြန်ရောက်လာသည့်အတွက် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများ၊ အမျိုးသမီးတစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ထောက်ပံ့ခဲ့ပါသည်။ ဓါတ်ပုံ - ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

### ကွာဟချက်များ

- အခြေအနေမြန်မြန်ဆန်ဆန်ဖွံ့ဖြိုးလာချိန်တွင်လိုအပ်ချက်များကိုအကဲဖြတ်ရန်အချိန်ယူရခြင်း။
- ကိုဗစ်-၁၉ တုံ့ပြန်မှုအစီအစဉ်ကို အကောင်အထည်ဖော်ရန် ရန်ပုံငွေလုံလောက်မှုမရှိခြင်း။
- ဝင်ရောက်စွက်ဖက်မှု၏သက်ရောက်မှုကိုတိုင်းတာရန်ခက်ခဲခြင်း။

## ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ဝန်ထမ်းများကို ဂရုစိုက်ခြင်း။



ဘေးအန္တရာယ် ကင်းစေရန်မှာ အသင်း၏ ဦးစားပေးဖြစ်သည်။ ထို့အတွက် လှုပ်ရှားမှုတွင် ပါဝင်နေသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် အသစ်ဝင်ရောက်လာသည့် သူများကို PPE မည်သို့ ဝတ်ဆင်ရမည်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ ဓါတ်ပုံ - ရန်ကုန်တိုင်း။



မကြာသေးမီက ကိုဗစ်-၁၉ ကူးစက်မှု ဆက်လက်မြင့်တက်လျက်ရှိရာ ရပ်ရွာလူထုအား ရောဂါကူးစက်မှု လျော့ကြစေရန်စေရန် RCV များက အချိန်များစွာ လုပ်ဆောင်ခဲ့ရပါသည်။ ထို့အတွက် RCV များကို အာဟာရပြည့်ဝသောအစားအစာများထောက်ပံ့ပေးခြင်းဖြင့် ကျန်းမာစွာနေထိုင်လှုပ်ရှားနိုင်ပါသည်။ ဓါတ်ပုံ - ရခိုင်ပြည်နယ်။

### ကွာဟချက်များ

- အသင်းခွဲများတွင်ကြက်ခြေနီစေတနာလုပ်အားရှင်များအတွက် PPE အလုံအလောက်မရှိခြင်း။
- အသင်းခွဲများတွင်ကြက်ခြေနီစေတနာလုပ်အားရှင်များ လှုပ်ရှားမှုပြုလုပ်ရန်ထောက်ပံ့ရန်ရန်ပုံငွေအလုံအလောက်မရှိခြင်း။
ဒေသခံအလှူရှင်များ၏ထောက်ပံ့မှုကိုမကြာခဏလိုအပ်ခြင်း။

## IFRC ၏ ပြန်လည်စီစစ်ထားသော အရေးပေါ်ထောက်ပံ့ငွေ အခြေအနေများ

IFRC သည် ၎င်း၏ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ဆောင်ချက်များအတွင်း ကြက်ခြေနီနှင့်လခြမ်းနီအသင်းများကို ပံ့ပိုးကူညီရန် ၁.၉ ဘီလီယမ် CHF (၁.၉၅ ဘီလီယမ် ဒေါ်လာ) ထောက်ပံ့နေပါသည်။ ထိုရန်ပုံငွေမှ CHF သန်း ၄၅၀ ကို အမျိုးသားအသင်းများကို ပံ့ပိုးကူညီရန် IFRC အတွင်းရေးမှူးမှ တစ်ဆင့်လုပ်ဆောင်သွားမည်ဖြစ်သည်။ ယခုလက်ရှိတွင် CHF **၂၂၂,၀၂၁,၅၀၈ ခန့် လက်ခံရရှိပြီး ဖြစ်သည်။** (IFRC Go တွင် အသေးစိတ်လေ့လာနိုင်သည်။)

### IFRC ဦးစားပေးလုပ်ငန်းများ

- ကျန်းမာရေး၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး။
- လူမှုစီးပွားရေးအပေါ်သက်ရောက်မှုလျော့ချရေး။
- စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ဘေးကင်းလုံခြုံစေခြင်း။

**450,000,000**
Funding Requirements (CHF)

**222,021,508**
Funding (CHF)

**COVID-19 can affect your mental health.**



# သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့်အားလုံးအကျုံးဝင်ပါဝင်ရေး

## အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ချေလျော့ချရေးနေ့။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့။





**ကိုဗစ်-၁၉ -** အရေးပေါ်တုံ့ပြန်မှုနှင့် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ ကြိုးပမ်းမှုများအားလုံးသည် ရာသီဥတုကြောင့် ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များအပါအဝင် သဘာဝ ဘေးအန္တရာယ်များဖြစ်စေ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေများ၌ ရှင်းလင်းပြတ်သားပြီးအားလုံးပါဝင်သည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများဖြင့် အခြေခံထားရန်လိုအပ်မှုကိုမီးမောင်းထိုးပြခဲ့သည်။



ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ အိုးအိမ်စွန့်ခွာထွက်ပြေးရသူများ၊ ဆင်းရဲနွမ်းပါးသူများနှင့် မသန်စွမ်းသူများနေထိုင်သူများအပါအဝင် သဘာဝဘေးအန္တရာယ်များနှင့် COVID-19 များ၏သက်ရောက်မှုများကိုလူအချို့ကပိုမိုထိခိုက်လွယ်ကြသည်။



အသင်း၏ မြို့ပြဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးအစီအစဉ်များသည် မြို့ပြအခြေအနေတွင် ကြိုတင်ပြင်ဆင်ခြင်း၊ ကာကွယ်ခြင်း၊ တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းရှုထောင့်များကိုအာရုံစိုက်သည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (လက်ရှိတွင်အသင်း၏ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာနမှ ပြန်လည်သုံးသပ်ခြင်းတွင် ပါဝင်ကူညီလျက်ရှိသည်။) သည် နိုင်ငံတော်အစိုးရအတွက် အရန်အင်အားအဖြစ် အသင်းသည် ဒေသန္တရအာဏာပိုင်များနှင့်ရပ်ရွာလူထုများနှင့် အတူ ပူးပေါင်း၍ ဒေသန္တရအာဏာပိုင်များနှင့်ဒေသခံများနှင့် အတူ မြို့ပြဘေးဒဏ် များကို ကြံ့ကြံ့ခံနိုင်ရည်ရှိသည့် အစီအစဉ်အသစ်များနှင့် ဆက်လက် တည်ဆောက်နေပါသည်။

**ရွေးကောက်ပွဲနေ့တွင် လှုပ်ရှားမှု**
**၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်။**



ရွေးကောက်ပွဲနေ့မတိုင်မီ မဲရုံများတွင် ပိုးသတ်ဆေးဖြန်းခြင်း။ ဓါတ်ပုံ - ကချင်ပြည်နယ်။



မဲပေးရန် တန်းစီနေသော လူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း။ ဓါတ်ပုံ - ရန်ကုန်။



မဲရုံများတွင် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း။ ဓါတ်ပုံ - ရှမ်းပြည်နယ်(တောင်ပိုင်း)။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS)**

ကြက်ခြေနီအခြေခံမူ (၇) ချက်နှင့်အညီ ဦးဆောင်ဦးရွက်ပြုနေသည့် လူမှုကရုဏာအသင်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ဘေးအန္တရာယ်ကျရောက်သူများကို ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ MRCS သည် နိုင်ငံတော်က ဥပဒေနှင့် ဖွဲ့စည်းထားပြီး လူမှုကရုဏာအခန်းကဏ္ဍတွင် နိုင်ငံတော်၏ အရန်အင်အားအဖြစ် ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်သည်နှင့် အညီ နေရာတိုင်းတွင် လူသားတိုင်းအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)**

အမျိုးသားအသင်းပေါင်း (၁၉၂) သင်းနှင့် ချိတ်ဆက်လှုပ်ရှားဆောင်ရွက်လျက်ရှိသည့် ကမ္ဘာပေါ်တွင် အကြီးဆုံးလူမှုကရုဏာကွန်ယက်ဖြစ်သည့် IFRC သည် သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများတွင် အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများကို အရေးကြီးသော နည်းပညာအကူအညီ၊ ငွေကြေးနှင့် ပစ္စည်းထောက်ပံ့ပို့ဆောင်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။


**ဆက်သွယ်ရန်**

**ဒေါက်တာနေထက်လင်း**
ဌာနမှူး၊ ကျန်းမာရေးဌာန၊
မြန်မာနိုင်ငံကြက်ခြေနီအသင်း
nayhtetlin@redcross.org.mm
+95 9 799 531 565

ဂျိုးဇက်မူရမ်ဘို
စီမံကိန်းညှိနှိုင်းရေးမှူး
IFRC မြန်မာနိုင်ငံ ဌာနနေရုံး
joseph.muyambo@ifrc.org
+95 9 450 719 453


**အသင်း၏ လူကွန်ယက်စာမျက်နှာများ**